

**(၃) သံချေးရောဂါ (Rust)**

**ရောဂါဖြစ်စေသောသက်ရှိ - *Uromyces appendiculatus* (Pers.) Unger (1816)**

**ရောဂါလက္ခဏာ**

အရွက်ပေါ်တွင် နီညိုရောင်၊ အဝိုင်းပုံအဖုငယ်များတွေ့ရသည်။ ရောဂါပြင်းထန်လွန်းပါကအရွက်များစိမ်းဝါဖျော့ရောင်မှအဝါရောင်သို့ ပြောင်းကာခြောက်သေသွားသည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ဒေသအလိုက်ခံနိုင်ရည်ရှိသောမျိုးကို အသုံးပြုပါ။
- ပဲမျိုးရင်းဝင်မဟုတ်သော သီးနှံအလှည့်ကျစိုက်ပါ။
- ရောဂါရပင်ကြွင်းပင်ကျန်များကို ဖယ်ရှားဖျက်ဆီးပစ်ပါ။
- ရောဂါဖြစ်စေမှု ကြီးထွားတိုးတက်မှုကို ဖြစ်စေသော ပတ်ဝန်းကျင်အခြေအနေ (အထူးသဖြင့် အပူချိန်နှင့် အစိုဓာတ်ရရှိသည့်ကာလ) ကို ရှောင်ကြဉ်နိုင်ရန် စိုက်ချိန်ကို ချိန်ဆစိုက်ပျိုးပါ။
- ရောဂါကွက်စတင်တွေ့ရှိပါက ရောဂါစတင်ကျရောက်ပါက Hexaconazole (ဟက်ဇာကိုနာဇိုး)၊ Propiconazole (ပရိုပီကိုနာဇိုး)၊ Azoxystrobin (အဇိုဆီစထရိုဘင်)၊ Chlorothalonil (ကလိုရိုသာလိုနေးလ်)၊ Difenoconazole (ဒီဖီနိုကိုနာဇိုး) စသောမှိုသတ်ဆေး များဖြင့် ထိရောက်စွာ ကာကွယ် နှိမ်နင်းနိုင်ပါသည်။